# ဒီနေ့အတွက် သိကောင်းစရာ (၅)

**(၂၀၂၀)ပြည့်နှစ်၊ မေလ ( ၂၆ )ရက်**

## သွေးလွန်တုပ်ကွေးရောဂါ နှစ်စဉ်မိုးရာသီမှာ ဘာကြောင့်အဖြစ်များတာလဲ?

❖ ဒီရောဂါဟာ သွေးလွန်တုပ်ကွေးပိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထား သောနေ့အချိန်မှာကိုက်လေ့ရှိတဲ့ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်တာပါ။

❖ မိုးရာသီမှာ ခြင်ကျားလောက်လန်း အများဆုံးပေါက်ပွားတာကြောင့် သွေးလွန်တုပ်ကွေး ရောဂါ အများဆုံးဖြစ်ပွားပါတယ်။

❖ သွေးလွန်တုပ်ကွေးရောဂါဟာ အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများမှာ ဖြစ်ပါက သေဆုံးမှုနှုန်း မြင့်မားပါတယ်။

❖ ခြင်ကျားလောက်လန်းဟာ ရေကြည်ရေသန့်မှာပဲ အဓိကပေါက်ပွားပြီး ခြင်ကျား ပေါက်ပွားပုံအဆင့်ဆင့်ဖြစ်တဲ့ (ဥ → ပိုးလောက်လန်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်က (၈)ရက်မှ (၁၀)ခန့်အထိသာ ကြာမြင့်ပါတယ်။ ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ (၁)ပတ်လျှင် တစ်ကြိမ် ခြင်ကျားလောက်လန်း ရှာဖွေပြီး လောက်လန်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ် စသဖြင့် ဆောင်ရွက်ဖို့လိုပါတယ်။

❖ ခြင်ကျားလောက်လန်းမရှိဘူးဆိုရင် ခြင်ကျားပေါက်ပွားမှုလည်း မရှိတဲ့အတွက် ခြင်ကျားကိုက် ခံရလို့ဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မှာ မဟုတ်ပါဘူး။

